mgyoe.com


SAMPLE BOOK

သိရှိ မြန်မာပြန်

လျှို့ဝှက်ခုနစ်ဖော် ပါဝင်သော

# သူခိုးဂိုဏ်းကို ဖော်ထုတ်ခြင်း

# Go ahead by Enid Blyton




mgyoe.com

သစ္စာနီ တည်းဖြတ်သည်

mgyoe.com SAMPLE BOOK

သိရှိ မြန်မာပြန်

လျှို့ဝှက်ခုနစ်ဖော် ပါဝင်သော

# သူခိုးဂိုဏ်းကို ဖော်ထုတ်ခြင်း

# Go ahead by Enid Blyton


(၁) ဆူဇီဟာ စိတ်တိုစရာကောင်းတယ်

(၂) လျှို့ဝှက်ခုနစ်ဖော် အစည်းအဝေး

(၃) စကားဝှက်အသစ်နှင့် စိတ်ကူးတချို့

(၄) အဖွဲ့ဝင်ဖြစ်ရတာ ပျော်စရာ

(၅) နောက်ယောင်ခံလိုက်ခြင်း

(၆) ဂျော့အတွက် တုန်လှုပ်စရာအဖြစ်

(၇) အဖွဲ့ဝင်သစ် ရွေးချယ်ခြင်း

(၈) သတင်းတချို့ ပေးပို့ခြင်း

(၉) ကောလင်းရဲ့ တစ်မူထူးသော ပုံပြင်

(၁၀) ဟိုတယ်မှ လူငယ်

(၁၁) ကျောက်မီးသွေးတွင်းထဲမှာ

(၁၂) စိတ်ဝင်စားဖွယ် ရင်ဆိုင်ရခြင်း

(၁၃) လူတိုင်းအတွက် တာဝန်ကိုယ်စီ

(၁၄) ကျောက်မီးသွေးတွင်းသို့ အဝင်

(၁၅) မြေအောက်ခန်းတွင် ဖြစ်ပျက်သမျှ

(၁၆) မနှစ်မြို့စရာ မမျှော်လင့်သည့်ဖြစ်ရပ်

(၁၇) လူတော်လူကောင်းလေး ဂျော့

(၁၈) ပဟေဠိတစ်ပုဒ်၏ အဆုံး


K0355

Cover Design by Ko Ye

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**


| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)<br>၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပထမအကြိမ် | - | ဖေဖော်ဝါရီလ၊ ၂၀၁၉ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။ |
| အုပ်ရေ | - | ၁၀၀၀ |
| မျက်နှာဖုံးပုံနှိပ်နှင့်<br>အတွင်းပုံနှိပ် | - | စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)<br>အမှတ်-၁၄၇၊ ၅၁-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း | - | ကိုရဲ<br>Credit for original illustrators |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |


mgyoe.com

mgyoe.com SAMPLE BOOK

ဩိရိ့ မြန်မာပြန်

# လျှို့ဝှက်ခုနစ်ဖော် ပါဝင်သော
# သူခိုးဂိုဏ်းကို ဖော်ထုတ်ခြင်း
# Go ahead by Enid Blyton




သစ္စာနီ တည်းဖြတ်သည်

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၁ )

# ဆူဇီဟာ စိတ်တိုစရာ ကောင်းတယ်

တစ် ခုသော နေ့လယ်ခင်း၌ ပီတာသည် သူ့ပတ္တူလွယ်အိတ်ကို လွဲကာ လွဲကာဖြင့် ကျောင်းမှ အိမ်သို့ ပြန်လာသည်။ ထိုအခိုက် နောက်မှ ပြေးလာသူ တစ်ယောက်က သူ့ကို ဝင်တိုက်လိုက်ရာ…

သူ လဲကျလုမတတ် ဖြစ်သွားသည်။ သူ့လွယ်အိတ်လည်း ပြုတ်ကျသွားသည်။ သူက သူ့ကို တိုက်သူမှာ ဂျော့၊ သို့မဟုတ် ကောလင်း ဟုထင်၍ စိတ်တိုတိုဖြင့် လှည့်ကြည့်လိုက်၏။ သို့သော် သူတို့ မဟုတ်။ သူ့ကို သရော်တော်တော် မျက်နှာဖြင့် ပြုံးကြည့်နေသော ဆူဇီ ဖြစ်နေလေသည်။

ဆူဇီ ။ ။ တောင်းပန်ပါတယ်ဟာ။ နင်က ငါ သွားတဲ့ လမ်းမှာ ပိတ်နေလို့၊ ဒါနဲ့ လျှို့ဝှက်ခုနစ်ဖော် အခြေအနေ ဘယ်လိုလဲ။

mgyoe.com

ပီတာက သူ့လွယ်အိတ်ကို ကောက်ယူလိုက်ကာ ...

ပီတာ ။ ။ နင့်လမ်း နင်သွား။
လျှို့ဝှက်ခုနစ်ဖော်ကိစ္စက နင့်အပူ မပါဘူး။
ဆူဇီက ပီတာ့ဘေးမှ လျှောက်လာကာ၊ ပီတာ့ကို စိတ်တိုအောင် ...

ဆူဇီ ။ ။ လျှို့ဝှက်ခုနစ်ဖော် အစည်းအဝေး မလုပ်တာကြာပြီလို့ ဂျက်က ပြောတယ်။

ဂျက်သည် ဆူဇီ့အစ်ကိုတော်သူ လျှို့ဝှက်ခုနစ်ဖော် အဖွဲ့ဝင် တစ်ဦးဖြစ်သည်။ သူ့အသိထဲမှာတော့ ဆူဇီက သူ့ကို စိတ်ဒုက္ခ အပေးဆုံး။ ဂျက်က အစည်းအဝေးကိစ္စကို ဆူဇီ့ကို ဖွင့်မပြောမှာ သေချာပါသည်။ သို့သော် ဆူဇီပြောတာလည်း မှန်၏။ သူတို့ အစည်းအဝေး မလုပ်ဖြစ်တာကြာပြီ။ ကြုံရသော အီစတာ(ပွဲတော်) ကာလမှာ အတော်ပျော်စရာ ကောင်းသည်။ ဒါကြောင့် ပီတာသည် အဖွဲ့အစည်းနှင့်ပတ်သတ်ပြီး မေ့လျော့နေသလို ဖြစ်နေသည်။

ပီတာက သူ့စိတ်ကို မတိုအောင် ထိန်းရင်း-

ပီတာ ။ ။ လျှို့ဝှက်ခုနစ်ဖော် အစည်းအဝေးကို မကြာခင်လုပ်မှာ။ ဒါပေမဲ့ နင်တော့ လာလို့ မရဘူး။ ချောင်းကြည့်တာတွေ ဘာတွေ လုပ်လဲ နင်ဝမ်းနည်းရမှာပဲ။ နင်ဘယ်တော့မှ ငါတို့ အဖွဲ့ထဲဝင်လို့ရမှာ မဟုတ်ဘူး။

ဆူဇီက ကွဲနေသော ကျောက်ပြားတစ်ချပ်ကို ရုတ်တရက် ခုန်ကျော်လိုက်ရင်း...

ဆူဇီ ။ ။ နင်တို့ နောက်ဆုံး သုံးတဲ့ စကားဝှက်ကို ငါသိတယ်။

ပီတာ ။ ။ နင် မသိပါဘူး။

mgyoe.com

 SAMPLE BOOK 

ပီတာက စကားဝှက်ကို မှတ်မိရန် ဦးနှောက်ခြောက်အောင် စဉ်းစားရင်း ပြန်ပြောလိုက်သည်။

ဆူဇီ ။ ။ သိတယ်၊ ဂျက်စပရက် မဟုတ်လား။

ပီတာ မျက်မှောင်ကြုတ်လိုက်သည်။ သူ ပြောတာ မှန်နေသည်။ 'ဂျက်စပရက်' ဆိုတာ သူတို့ရဲ့ နောက်ဆုံး အသုံးပြုခဲ့တဲ့ စကားဝှက်။ ထို စကားဝှက်ကို ဆူဇီက လမ်းမပေါ်မှာ လူတကာ ကြားအောင် အော်ပြောနေသည်။ ဒေါသဖြစ်နေသော သူ့မျက်နှာကို ကြည့်၍ ဆူဇီက ရယ်နေသေးသည်။

ဆူဇီ ။ ။ ငါ ပြောတာ မှန်တယ် မဟုတ်လား။ နင်တို့ အဖွဲ့အစည်းကလေ ကြောင်တောင်တောင် အဖွဲ့ပါ။ နင်တို့ စကားဝှက်ကို ငါသိတယ်။ ငါ လိုက်ပြောလို့ အတန်းထဲက ကောင်မလေးတွေ အကုန်လုံးလည်း သိနေကြပြီ။ ဒါကြောင့် နောက်တစ်ခါ အစည်းအဝေးလုပ်ရင် ငါတို့ အားလုံး လာခဲ့ကြမယ်။ စကားဝှက်ကို ငါတို့ အားလုံး ပြောမယ်။ နင်က ငါတို့ အားလုံးကို ဝင်ခွင့်ပြုရမယ်။

ဘယ်လောက် စိတ်တိုစရာ ကောင်းသနည်း။ ပီတာက ဆူဇီ့အား-

ပီတာ ။ ။ စကားဝှက် နင့်ကို ဘယ်သူ ပြောတာလဲ။ ဂျက် မပြောဘူး ဆိုတာတော့ ငါ ယုံတယ်။

ဆူဇီ ။ ။ အိုး…ဂျက် မပြောပါဘူး။ သူက စိတ်ညစ်စရာ ကောင်းတဲ့ အစ်ကိုပါ။ သူ ပြောတာ မဟုတ်ပါဘူး။ သူ့လက်ကိုင်ပဝါ သုံးချင်လို့ သူ့အံဆွဲကို သွားဖွင့်တော့ အထဲမှာ စက္ကူအပိုင်းအစလေး တစ်ခု တွေ့တယ်။ သူ မေ့မှာစိုးလို့ ရေးထားပုံရတယ်၊ 'ဂျက်စပရက်' (စကားဝှက်ကို မမေ့ပါနဲ့)လို့ ရေးထားတယ်။

mgyoe.com

ပိတာ ။ ။ နင်အမြဲ သူခိုးကျင့် သူခိုးကြံ ကြံနေတာပဲ။

ပိတာက ဒေါသတကြီး ပြောလိုက်သည်။

ပိတာ ။ ။ ငါတို့ကို အေးအေးဆေးဆေး မနေရအောင် ငါတို့ စကားဝှက်ကို အမြဲသိအောင် လုပ်နေတဲ့ နင့်လို ကောင်မလေးမျိုး ငါတစ်ခါမှ မတွေ့ဖူးဘူး။ တို့ ဘာလုပ်ရမလဲ။

ဆူဇီ ။ ။ ကောင်းပြီ။ ဒါဆို နင်ဘာလို့ နင်တို့အဖွဲ့ထဲ ငါ့ကို ဝင်ခွင့် မပေးတာလဲ။ ဂျဲနက်ကို ဝင်ခွင့် ပေးတယ်။ ဘာဘရာနဲ့ ပင်မ်ကိုလည်း ဝင်ခွင့် ပေးတယ်။

ပိတာ ။ ။ မကြောင်စမ်းပါနဲ့ဟာ။ တို့အဖွဲ့နာမည်ကိုက လျှို့ဝှက်ခုနစ်ဖော်။ ဒီတော့ နောက်ထပ်အဖွဲ့ဝင် က ထပ်ထည့်လို့ မရဘူးလေ။ ထည့်ရင်လျှို့ဝှက် ရှစ်ဖော် ဖြစ်သွားမှာပေါ့။ ဘာပဲဖြစ်ဖြစ် နင့်ကို တော့ ငါတို့ မလိုလားဘူး ဆူဇီ။

ဆူဇီ ။ ။ နင်က ဒီလိုလား၊ ကောင်းပါပြီ။ အစည်းအဝေး မကြာခင် လုပ်မယ့်အကြောင်း ဂျက်ကို ပြောလိုက် မယ်လေ။ ဘယ်တော့လို့ ပြောရမလဲ။

ပိတာ ။ ။ ဂျက်ကို ဘာမှ သွားမပြောနဲ့။

စိတ်တိုစရာ ကောင်းလှသည့် ဂျက်၏ ညီမကြောင့် ပိတာသည် မခံမရပ်နိုင် ဒေါသထွက်နေသည်။

ပိတာ ။ ။ အစည်းအဝေးဖိတ်တဲ့ ဆင့်ခေါ်စာကို ငါ့ဘာသာ ပဲ ပို့လိုက်မယ်။ ပြီးတော့ စကားဝှက်ကို နင် မှတ်မိနေလည်း အကြောင်းမထူးဘူး။ တခြား စကားဝှက် အသစ်ရွေးပြီး တခြားအဖွဲ့ဝင်တွေကို ငါပဲ အသိပေးလိုက်မယ်။

mgyoe.com

SAMPLE BOOK


ဆူဇီ ။ ။ ကောင်းတာပေါ့။ အဲ့ဒီစကားဝှက်ကို ဂျက်က သေချာပေါက် စာရွက်ပေါ်ချရေးမှာပဲ။ ငါက လည်း အဲ့တာကို သေချာပေါက်တွေ့မှာပဲ။ ကဲ ဂွတ်ဘိုင်။

နှုတ်ဆက်ပြီး ဆူဇီက လှစ်ခနဲ ဖွတ်ပြေးသွားသည်။ ပီတာက သူ့ နောက်ကျောကို စိမ်းစိမ်းကားကား ငေးကြည့်ရင်း ကျန်ခဲ့၏။ တော်တော် စိတ်အချဉ်ပေါက်စရာကောင်းတဲ့ ကောင်မလေးပဲ။ သူ၏ ညီမ ဂျနက်သည် ဆူဇီလို မဟုတ်တာပင် ဝမ်းသာရသေးသည်။



သူက မျက်နှာတည်တည်နှင့် အိမ်ကို လမ်းလျှောက်ပြန်ခဲ့သည်။ မကြာခင် အစည်းအဝေးကို သေချာပေါက် ခေါ်ရမည် ဖြစ်သည်။ မခေါ်တာ တစ်နှစ်ပင် မရှိသေးချေ။ အစည်းအဝေး မရှိ၍ဖြစ်ဖြစ်၊ တခြားဘာမှ ထူးထူးခြားခြား မဖြစ်၍ဖြစ်ဖြစ်၊ လျှို့ဝှက်ခုနစ်ဖော်အဖွဲ့ အဆုံးသတ်သွားလို့ မဖြစ်ဘူး။

သို့သော် လျှို့ဝှက်ဆန်းကြယ်သော ဖြေရှင်းစရာ ကိစ္စတစ်ခုခု မရှိဘဲနှင့် ဤအဖွဲ့တည်တံ့နေဖို့ကလည်း မလွယ်။ ဒီတော့ တစ်ခုခုသော လျှို့ဝှက်ဆန်းကြယ်သော ကိစ္စ၊ ငါတို့ တခြား လုပ်စရာတစ်ခု ရှိနေဖို့ စဉ်းစားထားရမည်ဟု တွေးနေသည်။ ပြီးတော့ ငါတို့ စကားဝှက် ပြောင်းဖို့လည်း စဉ်းစားရဦးမယ်။ ဂျက် ဆိုတဲ့ ထူးထူးဆန်းဆန်း ငနဲကလည်း စကားဝှက်ကို မေ့သွားမှာစိုးလို့ စာရွက်ပေါ် ချရေးရတဲ့အထိ တုံးရသလား။ သူ့ညီမ ဆူဇီ ရှာတွေ့သွားမှာကို သူ ကြိုတွေးသင့်သည်။ သူသည် လေးလေးနက်နက်တွေ တွေးရင်း အိမ်ပြန်လာခဲ့သည်။ သူ့ညီမ ဂျနက်ကား အိမ်ပြန်ရောက်နေလေပြီ။ သူ၏ ရွှေအိုရောင် ခွေးကလေး စကမ်ဘာကလည်း သူ့ကိုကြိုဆိုရန် ယောင်သီ

mgyoe.com

mgyoe.com SAMPLE BOOK

ပေး၍ ပြေးလာသည်။

ပီတာက ခွေးကလေး၏ နားရွက်ရှည်ရှည်ကြီးများကို ကြင်နာစွာ ပွတ်သပ်ပေးရင်း -

ပီတာ ॥ ॥ စကမ်ဘာရေ၊ ဒီနေ့ကော မင်းဟာ ခွေးလိမ္မာလေး ပဲလား။ ညစာကော စားပြီးပြီလား။ ယုန်တွေ ကိုကော အနံ့ခံ ထွက်သေးလား။ အမိုက်သိမ်းတဲ့ လူကိုကော ဟောင်သေးလား၊ ဟောင်တယ် ဟုတ်လား။ ဒါဆို မင်းဟာ အရမ်းတော်တဲ့ ခွေးကလေးပဲ။

"ဝူး"စကမ်ဘာက အသံပြုကာ ရှူးသွပ်သွားသလို အခန်းထဲ လှည့်ပတ်ပြေးနေသည်။ ဂျဲနက်က ရယ်မောကာ…

ဂျဲနက် ॥ ॥ တံခါးက နင် ဝင်မလာခင်ကတည်းက နင် လာနေတာ သူ သိတယ်။ သူက ခေါင်းကလေး စောင်းပြီး သုံးမိနစ်လောက် နားစွင့်နေတယ်။ နင် လမ်းကျဉ်းလေးထဲ ကွေ့ဝင်လာကတည်းက သူ သိလောက်ပြီ။

ပီတာက စာအုပ်များ ထည့်ထားသည့် ပတ္တူလွယ်အိတ်ကို ချ၍…

ပီတာ ॥ ॥ ဂျဲနက်ရေ။ ငါတို့ လျှို့ဝှက်ခုနစ်ဖော် အစည်း အဝေးကို တတ်နိုင်သမျှ မြန်မြန်ခေါ်ရအောင်။

ဂျဲနက်က ရင်ခုန်စွာဖြင့် ပြန်ပြော၏။

ဂျဲနက် ॥ ॥ ဘာလို့လဲ ပီတာ။ တစ်ခုခု ဖြစ်လို့လား။

ပီတာ ॥ ॥ (ခေါင်းခါပြရင်း) မဟုတ်ဘူး ဂျဲနက်။ ဂျက်ရဲ့ အမြင်ကတ်စရာ ညီမ ဆူဇီနဲ့ ငါ တွေ့ခဲ့တာက လွဲပြီး ဘာမှ မဖြစ်ဘူး။ တစ်ခုတော့ ရှိတယ်။ သူက ငါတို့ စကားဝှက်ကိုလည်း လှောင်ပြောင် လိုက်သေးတယ်။

mgyoe.com

ဂျဲနက်က သက်ပြင်းချလိုက်သည်။

ပီတာ ။ ။ ငါတို့ စကားဝှက်အသစ် ပြောင်းမယ်။ နှင့် မှတ်စု
စာရွက်တွေ ထုတ်။ အစည်းအဝေးကို အမြန်ဆုံး
ခေါ်နိုင်အောင် စီစဉ်ကြမယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၂ )

# လှို့ဝှက်ခုနစ်ဖော် အစည်းအဝေး

လှို့ဝှက်ခုနစ်ဖော် အစည်းအဝေးကို နောက်တစ်နေ့ ကျောင်းဆင်းချိန် ကျင်းပရန် ဆင့်ခေါ်လိုက်သည်။ ပီတာက အစည်းအဝေး မစခင် လက်ဖက်ရည် သောက်ရန် အကြံပြုသည်။

ဂျဲနက် ။ ။ အစည်းအဝေး ပြီးသွားရင် ပန်းကန်တွေ၊ ခွက်တွေ အားလုံး သိမ်း ဆေးပါ့မယ်။ ဟူး…လှို့ဝှက် ခုနစ်ဖော် အစည်းအဝေးမှာ လူစုံ တက်စုံ ရှိနေတာ ဘယ်လောက် ကြည်နူးဖို့ ကောင်းလဲ။

လှို့ဝှက်ခုနစ်ဖော် အားလုံး ရင်ဖိုနေကြသည်။ ဂျက်က သူ၏ အံဆွဲထဲမှ စကားဝှက် ရေးထားသည့် စာရွက်လေးများကို ရှာသည်။ တွေ့တော့ တွေ့ပါ၏။ သို့သော်… ဖတ်ကြည့်မိသောအခါ သူ အံ့ဩသွားသည်။ စာရွက်ပေါ်တွင် ရေးထားသည်မှာ

"စကားဝှက်ကို သတိရပါ။ ဂျက်စပရက် မဟုတ်ဘူး။ ဂျက်ဟော်နာလည်း မဟုတ်သေးဘူး။ ဂိုင်းရန့်တေလာ မဟုတ်သေးဘူး။ ဂျက်အင်ဂျေး…"

mgyoe.com

mgyoe.com SAMPLE BOOK

ဂျက်သည် ရေးထားသည့် စာရွက်ကို မျက်မှောင်ကြုတ်၍ ကြည့်သည်။ ဒါကို သူရေးထားတယ် ဆိုရင်တော့ သူ ရှုးသွပ်နေ၍သာ ဖြစ်သည်။ တကယ့် စကားဝှက်အစစ်က ဘယ်ဟာလဲ။ သူစာရွက်ကို အနီးကပ် သေချာကြည့်သည်။ တောက်… ဆူဇီ့ လက်ချက်ပဲ၊ တစ်ဝက်က သူ ရေးထားတာ။ ငါ့အံဆွဲကို လာခိုး ကြည့်ပြီး စာရွက်ကို တွေ့သွားတာ ဖြစ်မယ်။ ငါနဲ့ တွေ့ကြသေးတာပေါ့ ဆူဇီ။

သို့သော် ဆူဇီက ကံကောင်းသည်။ အပြင်ကို လက်ဖက်ရည်သောက် ထွက်သွားသဖြင့် အိမ်တွင် မရှိ။ ဂျက်က ရင်ထိုးတံဆိပ်ကို ရှာကြည့်သည်။ နောက်ဆုံးတော့ တွေ့သွား၏။ ဒီတံဆိပ်ကိုပါ တွေ့ကာ ဝှက်ထားမည်ကို သူ စိုးရိမ်ကြောက်လန့်နေခြင်း ဖြစ်သည်။ ဆူဇီဟာ ကမ္ဘာပေါ်မှာ စိတ်တိုစရာ အကောင်းဆုံး ညီမပဲ။

လက်ဖက်ရည်သောက်ပွဲကို ကျောင်းဆင်းချိန် လေးနာရီတွင် ကျင်းပဖို့ ပြင်ဆင်ကြသည်။ ဂျနက်နှင့် ပီတာက ပစ္စည်းတွေကို သယ်လာသည်။ ဂိုဒေါင်ထဲသည် သက်သောင့်သက်သာနှင့် အေးအေးချမ်းချမ်း ရှိသည်။ ထောင့်တစ်နေရာက ရေနံဆီမီးခွက်ကလေးက အနွေးဓာတ် ပေးနေသည်။ ဖယောင်းတိုင် ခြောက်ချောင်းကို ဟိုဟိုဒီဒီ စိုက်ထွန်းထားသည်။ စားပွဲခုံ အဖြစ် အသုံးပြုသော သေတ္တာပုံးပေါ်တွင် ဂျနက်က အဝတ်စတစ်ခု ဖြန့်ခင်း ထားသည်။

ကိုကိုးရည် အပူထည့်ထားသော ကရားကြီးနှစ်ခုက ထိုအပေါ်တွင် နေရာယူထားသည်။ ပတ်ပတ်လည်တွင်မူ အစားအသောက် ပန်းကန်နှစ်ခု အစီအရီ တင်ထားသည်။

ဂျနက် ။ ။ လက်ဖက်ရည်၊ အသားညှပ် ပေါင်မုန့်၊ ကိတ်တွေကို ထောပတ်နဲ့ ယိုတစ်ဝက်စီ သုတ်ထားတယ်။ ဒိုးနတ် လတ်လတ်ဆတ်ဆတ်တွေရယ်။ ဒီနေ့မှ ဖုတ်ထား တဲ့ ချောကလက်ကိတ်ရယ်။ အကောင်းဆုံးသော ယို မြုပ်ထားတဲ့ ဆင်းဒဝစ်ချ်အပွရယ်။

အမေက ခုနစ်ပုံခွဲထားပြီးပြီ။ ကြည့်ရတာ စားချင်စရာ မကောင်း ဘူးလား။ အိုး…နောက်ပြီး ဘီစကွတ်အစုံ ထည့်ထားတဲ့ ပန်းကန်လည်း ရှိသေးတယ်။ "ဝူး"စကမ်ဘာက သူ့အမြီးကို မြေပြင်ကို ရိုက်ရင်း အသံ တစ်ချက် ပေးလိုက်၏။

mgyoe.com

mgyoe.com

ဂျဲနက်॥ ॥ နင့်အတွက် မုန့်တွေက ကြမ်းပေါ်မှာ။ ဒါပေမဲ့ ငါတို့ မစားခင်၊ နင်လည်း မစားရသေးဘူးနော်။

စကမ်ဘာသည် သူ့ပန်းကန်ပြားကို ကြည့်ကာ ကြာမြင့်စွာ အနံ့ခံနေလေသည်။ ငါးအမြီးရယ်၊ အရိုးများရယ်ဖြင့် လုပ်ထားသော အသားညှပ်ပေါင်မုန့်နှစ်ခုကို သူ မြင်သည်။ ပေါင်မုန့်တစ်ခုကတော့ တစ်ဝက်စီ ဖြတ်ထားကာ ထောပတ်သုတ်၍ ထားသည်။ ဂျင်(ယို)တော့ မပါ။ စကမ်ဘာက ယိုမပါတာကို ကြိုက်သောကြောင့် ဖြစ်သည်။ ထို့နောက် ဝက်သားဖြင့် လုပ်ထားသော ခွေးဘီစကွတ် အကြီးကြီးတွေလည်း ရှိသည်။ ဆာလောင်နေသော ခွေးတစ်ကောင်အတွက် ကောင်းလှစွာသော ညစာပင်တည်း။

ဂျဲနက် ॥ ॥ ဟိုမှာ သူတို့ လာကြပြီ။

ဂိုထောင်သို့ လာသည့် လမ်းကျဉ်းကလေးအတိုင်း ဆင်းလာနေသည့် အသံများကို ကြားလိုက်ရသည်။ သူက ပြတင်းပေါက်က ချောင်းကြည့်လိုက်ပြီး 'ပင်မ်နဲ့ ဘာဘရာပဲ။'

''ဒေါက်...ဒေါက်...ဒေါက်''တံခါးခေါက်သံ ထွက်ပေါ်လာသည်။ ပီတာက မေးလိုက်၏။

''စကားဝှက်''

'ဂျက်စပရက်' ဟု ဖြေသံကြားသည်နှင့် ပီတာက တံခါးကို ဖွင့်ပေးလိုက်သည်။ ပြန်ပိတ်ပြီး မကြာခင်မှာပင် ခြေသံတွေ ကြားရပြန်သည်။

ပီတာ ॥ ॥ စကားဝှက်။

''အာ...ငါ စိတ်မကောင်းပါဘူး ပီတာရေ။ တောင်းပန်ပါတယ်၊ ငါတို့ အစည်းအဝေး မလုပ်တာ ကြာတော့ ငါလည်း စကားဝှက်ကို မေ့သွားပြီ။''

ဟု စိတ်မကောင်း ဖြစ်နေပုံပေါက်သည့် အသံတစ်သံ ထွက်ပေါ်လာသည်။ ဂျဲနက်က ပီတာ့ကို လှမ်းကြည့်လိုက်၏။ စိတ်ဆိုးမလား၊ သနားစရာကောင်းသည့် ကောလင်းကို ဝင်ခွင့်ပေးရမလား။ ဤသို့မဟုတ် ပီတာက စိတ်ဆိုးဟန် မပြ။ တံခါးကိုသာ ဖွင့်ပေးလိုက်၏။ ကောလင်းသည် အတော်စိတ်သက်သာရာ ရသွားပုံဖြင့် ဝင်လာသည်။

'ဟယ်လို'သူက ပြောရင်း ပြင်ဆင်ထားသော လက်ဖက်ရည်ပွဲကို မြင်ကာ ဝမ်းသာသွား၏။

ကောလင်း ॥ ॥ စကားဝှက်နဲ့ ပတ်သက်ပြီး ငါ တောင်းပန်ပါတယ်။ ငါတို့ မဆုံတာလည်း ကြာပြီလေ။

mgyoe.com

mgyoe.com
SAMPLE BOOK

ပီတာ ။ ။ ဟုတ်ပါတယ်။ ဒီလောက် ကြာအောင် အစည်းအဝေး မခေါ်ဘဲ ထားခဲ့တာ ငါ့အပြစ်ပါ။ ဘာပဲဖြစ်ဖြစ် ဂျက်ရဲ့ အမြင်ကတ်စရာ ကောင်းတဲ့ ညီမကတော့ ဒီစကားဝှက်ကို သိသွားပြီ။ တို့အသစ် ပြန်ရွေးရမယ်။

ဒေါက်…ဒေါက်…ဒေါက်…ဒေါက် (တံခါးခေါက်သံ)

ပီတာ ။ ။ စကားဝှက်။

'ဂျက်စပရက်' အသံနှစ်သံ တစ်ပြိုင်တည်း ထွက်ပေါ်လာ၏။ တံခါး ပိတ်ထားသဖြင့် အနည်းငယ် မှောင်သော ဂိုဒေါင်ထဲတွင် ဖယောင်းတိုင်မီးများက ယိမ်းလှုပ်နေသည်။ အရာအားလုံးမှာ လျှို့ဝှက်ခုနစ်ဖော်အတွက် သက်သောင့်သက်သာနှင့် အနည်းငယ် လျှို့ဝှက်ဆန်းကျယ်နေပုံ ပေါက်နေသည်။

ဂျက် ။ ။ အစည်းအဝေးက ဘာအတွက် ခေါ်တာလဲ။ ထူးထူးခြားခြားကိစ္စ ရှိသလား။

မှောက်ထားသည့် ပန်းအိုးတစ်အိုးပေါ် ဖင်ချထိုင်ရင်း ဂျက်က မေးလိုက်ခြင်း ဖြစ်သည်။

ပီတာ ။ ။ ဘာမှ မရှိပါဘူး။ ဘာထူးခြားမှုမှ မရှိဘူး။ ကံကောင်းတာပေါ့။ ဒါပေမဲ့ တစ်ခုခု ဖြစ်လာမှာကို စောင့်ရင်းနဲ့ ဘာမှ မလုပ်ဖြစ်တော့ဘဲ တို့အဖွဲ့ အဖျားရှူးသွားမှာလည်း စိုးတယ်။ ကဲ ဒါတွေ နောက်မှ ပြောကြတာပေါ့။ ကိုကိုးတွေ ထည့်လိုက်တော့ ဂျဲနက်ရေ။ ငါတို့တွေ သကြားများများ ထည့်တာ ကြိုက်တာကိုလည်း မမေ့နဲ့ဦး။

"ဝု..ဝု" စကမ်ဘာက ထောက်ခံပုံဖြင့် အသံပေးသည်။ ထို့အတွက် သူသည် ချက်ချင်းပင် ဂျဲနက်ထံမှ သကြားခဲတစ်ခဲ ထပ်ရလေ၏။ ဂျဲနက်က ကိုကိုးများကို ခွက်တွေထဲ ငှဲ့ထည့်ပေး၏။ ပီတာက အသားညှပ်ပေါင်မုန့် (ဆင်းဒဝစ်ချ်)များ ဝေပေးသည်။ မကြာမီ သူတို့အားလုံး စားသောက်ပွဲကျင်းပကြလေတော့သည်။ စကမ်ဘာလည်း သူ၏ အသားညှပ်ပေါင်မုန့်ကို အငမ်းမရစားရာ ကြာကြာမစားလိုက်ရချေ။ ပြီးတော့ ဝက်သားဘီစကွတ်ကို

mgyoe.com

SAMPLE BOOK

တကြွပ်ကြွပ် ဝါးစားနေပြန်သည်။

ဆယ်မိနစ်ခန့် အတွင်းမှာပင် ပန်းကန်အားလုံး ပြောင်တလင်းခါသွား၏။ ဘီစကွတ် တစ်ချပ်တလေပင် မကျန်တော့ချေ။

ဂျက်က သက်ပြင်းချကာ ထိုင်လိုက်ရင်း-

ဂျက် ။ ။ ကောင်းလိုက်တဲ့ စားသောက်ပွဲ၊ ဒါနဲ့ကိုကိုးကော ကျန်သေးလားဟေ့။

ဂျဲနက် ။ ။ မတ်ခွက်တစ်ခွက်စာစီတောင် ကျန်သေးတယ်။ ဒါပေမဲ့ နင့်ခွင့်ပြုချက်ကလည်း လိုသေးတယ် ပီတာ။

ပီတာက ခေါင်းညိတ်ပြလိုက်ရင်း ''ငါတို့ နောက်ဆုံးကျန်တာလေး သောက်ရင်း အစည်းအဝေး စလိုက်ကြရအောင်''ဟု ပြော၏။

ပီတာ ။ ။ ဒါ သိပ်အရေးကြီးတဲ့ အစည်းအဝေးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တိုင်ပင်ဆွေးနွေးစရာနဲ့ အစီအစဉ်ချစရာလေးတွေတော့ ရှိတယ်။ တို့လျှို့ဝှက်ခုနစ်ဖော်အနေနဲ့ ပုံမှန်လုပ်စရာ မရှိရင် တခြား လုပ်စရာတွေ ရှာရမယ်။ ငါပြောတာ လက်ခံလား အဖွဲ့ဝင်တို့။

''လက်ခံပါတယ်'' အားလုံးက တညီတညွတ်တည်း ဝမ်းသာအားရ ပြောကြသည်။



ပီတာ ။ ။ ကောင်းပြီ၊ ငါ စပြောမယ်၊ မင်းရဲ့ အမြီးကိုကြမ်းပြင်နဲ့ တဒုတ်ဒုတ် ရိုက်နေတာကို ရပ်ပြီး မင်းလည်း လိုက်နားထောင် စကမ်တာ။

□

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

အခန်း ( ၃ )

# စကားဝှက်အသစ်နှင့် စိတ်ကူးတချို့

**အား** လုံး ငြိမ်ငြိမ်သက်သက် ထိုင်နေကြသည်။ စကမ်ဘာသည်ပင် ကြမ်းပြင်နှင့် ပုတ်နေတာကို ရပ်ပြီး ငြိမ်နေ၏။ သူက နားစွင့်နေဟန် ခေါင်းကို တစ်ဖက်ကို စောင်းငဲ့ထားသည်။ သူသည် တရားဝင် အဖွဲ့ဝင်တစ်ဦး မဟုတ်သော်လည်း အစည်းအဝေးတိုင်း ပါဝင်ခွင့်ရသဖြင့် ဂုဏ်ယူနေပုံပေါက်၏။

ပီတာ ။ ။ ပထမအနေနဲ့ ငါတို့ စကားဝှက် အသစ် ရွေးရမယ်။ စကားဝှက် အဟောင်းကို ဆူဇီ သိနေတာလဲ အသစ်ရွေးဖို့ အကြောင်းထဲမှာ တစ်စိတ်တစ်ပိုင်း ပါတာပေါ့။

ဂျက်သည် အလန့်တကြား ဖြစ်သွား၏။

ဆူဇီ သိနေတာကို ပီတာက ဘယ်လိုလုပ် သိနေသနည်း။ ဂျက်က ဝန်ခံလိုက်၏။ ဟုတ်တယ် ဆူဇီ သိနေတယ်။

mgyoe.com

သူက အိတ်ထဲမှ စာရွက်ပိုင်းလေးကို ဆွဲထုတ်လိုက်သည်။ သူ ရေးထားသော စကားဝှက်ဟောင်းနှင့် ဆူဇီ ပေါက်ကရတွေ ရေးခြစ်ထားသည့် စာရွက်။

ဂျက် ။ ။ ကြည့်လေ။ ငါ မေ့မသွားအောင် ရေးမှတ်ထားတဲ့ စာရွက်မှာ သူ တွေ့ကရာတွေ လျှောက်ရေးထားတာ။ ဒါထက် ဆူဇီ ဒါကို သိနေတယ် ဆိုတာ မင်း ဘယ်လိုလုပ် သိလဲ ပီတာ။

ပီတာ ။ ။ သူ ပြောတာ၊ သူက ငါတို့ အဖွဲ့အစည်းဟာ အဆုံးသတ်မှာတို့ ဘာတို့ ပြောခဲ့သေးတယ်။ အရမ်းစိတ်တိုဖို့ ကောင်းတယ်။ အဲ့ဒါက ငါတို့ အစည်းအဝေးခေါ်ဖို့ တွန်းအားပေးခဲ့တာပဲ။ ဂျက်…ဘုရားမလို့ ငါတို့ စကားဝှက်ကို နောက်အဲသလို မထားနဲ့နော်။

ဂျက်က မျက်နှာ အနည်းငယ်ရဲသွားကာ …

ဂျက် ။ ။ အေး၊ မထားပါဘူး။ ဒါပေမဲ့ ဆူဇီလို ညီမမျိုး ရှိတာ ဘယ်လို ခံစားရလဲ မင်းတို့ သိမှာ မဟုတ်ဘူး။ အခုချိန်မှာ ပြတင်းပေါက်ကနေ သူ ချောင်းကြည့်နေမယ် ဆိုရင်တောင် ငါ မအံ့သြတော့ဘူး။

အားလုံးက ပြတင်းပေါက်ငယ်လေးဆီသို့တစ်ချက် လှမ်းကြည့်လိုက်ကြသည်။ စကမ်ဘာလည်း လှမ်းကြည့်၏။

ပီတာ ။ ။ မရှိဘူး။ ဘယ်သူမှ မရှိပါဘူး၊ အသံတိုးတိုးလေး ကြားရင်တောင်မှ စကမ်ဘာက ဟောင်လိမ့်မယ်။ ကောင်းပြီ၊ စကားဝှက် အသစ်အတွက် ဘယ်သူ့မှာ အကြံကောင်းရှိသလဲ။

ကောလင်းက ဆူဇီအကြောင်းစဉ်းစားကာ–

ကောလင်း ။ ။ 'ချောင်းကြည့်သူ'၊ ဒါလေး မဆိုးဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျဲနက် ။ ။ ဟုတ်တယ်။ ဆူဇီ့ကြောင့် ငါတို့အားလုံး ဒါကို မှတ်မိနေမှာ။

ပင်မ်က ပြုံးဖြဲဖြဲနှင့် ...

ပင်မ် ။ ။ ငါတို့ ချောင်းကြည့်သူလို့ မှတ်မိရမှာနော်။ ဆူဇီ မဟုတ်ဘူး။ ငါတော့ တစ်ယောက်ယောက်က နောက်အပတ်အတွက် စကားဝှက်က ဘာလဲဆို ဆူဇီလို့ ပြောမိမယ် ထင်တယ်။

ဂျက်သည် မကြာခဏ သူ့ညီမနှင့် စိတ်တိုစရာများ ကြုံရသည်။ သို့သော် ဆူဇီ ချောင်းကြည့်တတ်သော အကျင့်ကြောင့် ဖြစ်လာသော ဒီစကားဝှက်ကိုတော့ သူ သဘောသိပ်မကျပေ။ နောက်ဆုံးတော့ ဆူဇီသည် သူ၏ ညီမပဲ မဟုတ်လား။ သို့သော် သူမကို တွေ့လိုက်တိုင်း သူမက စိတ်တိုစရာ ကောင်းနေ၏။ သူက ခေါင်းကိုခါကာ ...

ဂျက် ။ ။ မဟုတ်ဘူး၊ အဲဒီစကားဝှက်ကို ငါ စိတ်တိုင်း မကျဘူး။ မင်းတို့ စိတ်မဆိုးရင်တော့ ငါ့မှာ ပိုကောင်းတဲ့ အကြံဉာဏ် ရှိတယ်။ "သတိပြု" ဆိုရင်ကော ဘယ်လိုလဲ။ အဲ့ဒီစကားက ငါတို့နဲ့ ပိုကိုက်ညီမယ် ထင်တယ်။

ပီတာ ။ ။ အေး... ကောင်းတယ်။

ကျန်သူများကလည်း ခေါင်းညိတ်ကြသည်။ သူတို့က စကားဝှက်အသစ်ကို လျှို့ဝှက်ဆန်းကြယ်ပုံပေါက်သည့် လိုဏ်သံဖြင့် တစ်ယောက်နှင့်တစ်ယောက် ပြောနေကြသည်။ စကမ်ဘာပင် အနည်းငယ် လန့်သွားပုံရ၏။

"သတိပြု" ဂျဲနက်က တည်ကြည် လေးနက်သော မျက်နှာဖြင့် ဘာဘရာ့ကို ပြောသည်။

"သတိ...ပြု...ပြု" ကောလင်းက ဂျက်ကို ရှုးရှုးရှုရှုအသံဖြင့် ပြောလိုက်သည်။ စကမ်ဘာသည် တစ်စုံတစ်ယောက်က အမိန့်ပေးလိုက်လျှင် သူ့အနေဖြင့် ဖော်ထုတ်နိုင်ရန် အသင့်အနေအထား ရှိနေပုံနှင့်။

mgyoe.com

mgyoe.com SAMPLE BOOK



"စကမ်ဘာ့ကို ကြည့်စမ်း၊ သူရှုပ်ထွေးသွားပြီ။"

ပင်မ်က ရယ်ရင်း ပြောလေသည်။

"ငါတို့ အားလုံး အဆင်ပြေပါတယ် စကမ်ဘာရယ်။ ဒါ ငါတို့ စကားဝှက် အသစ်ပါ။ ကောင်းပြီ၊ ဒါကို ငါတို့ထဲက ဘယ်သူကမှ မမေ့လောက်ဘူး ထင်တယ်။

ဒါအရမ်းကောင်းတဲ့ စကားဝှက်ပဲ၊ အဲ့ဒါက ငါ့ကို နည်းနည်း စိုးရိမ်တကြီး ဖြစ်သွားစေတယ်။

ပီတာ ။ ။ နောက်ဆွေးနွေးစရာ တစ်ခုကတော့ လျှို့ဝှက်ခုနစ်ဖော် ဘာဆက်လုပ်ကြမလဲ ဆိုတာပဲ။ ဘယ်သူကမှ ငါတို့ ပတ်ဝန်းကျင်မှာ ထူးခြားတာဖြစ်ဖြစ်၊ လျှို့ဝှက်ဆန်းကြယ်တာဖြစ်ဖြစ် အခုတစ်လော မကြားမိဘူးလို့ ငါ ထင်တယ်။

ဘယ်သူမှ ဘာ တစ်ခွန်းမှ မပြောကြချေ။ တစ်ယောက်ကို တစ်ယောက် မျှော်လင့်တကြီးဖြင့် ကြည့်ကြသည်။ ထို့နောက် သူတို့ခေါင်းများ ခါပြကြ၏။

ပီတာ ။ ။ ဟုတ်ပြီ၊ အစီအစဉ်ချဖို့ တစ်ခုခု ထူးခြားတာ မရှိဘူး ဆိုရင် ငါတို့ တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်ရမယ်။ ငါ ပြောချင်တာက ငါတို့ တစ်ခုခု ဆက်မလုပ်ရင်

mgyoe.com

ငါတို့ အစည်းအဝေးနဲ့ အဖွဲ့အစည်းဟာ အဖျားရှူး သွားလိမ့်မယ်။ ငါတို့ရဲ့ စိတ်ဝင်စားမှုကို ထိန်းထားဖို့ တစ်ခုခု လုပ်ကို လုပ်ရမယ်။ မဟုတ်ရင်တော့ တစ်ခုခု ဖြစ်လာတဲ့အခါ ငါတို့ ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်မှာ မဟုတ်ဘူး။

ကောလင်း॥ ॥ ဟုတ်ပါပြီ။ ဒါပေမဲ့ တစ်ခုခု လုပ်ရမယ် ဆိုတာ ဘာသဘောလဲ။ ငါတို့ ပြဿနာတွေ ဖန်တီးလို့မှ မရတာ။

ပီတာ ॥ ॥ ငါ သိတယ်။ ဒါပေမဲ့ ငါတို့ လေ့ကျင့်လို့ ရတယ်။ လုပ်စရာ အလုပ်တစ်ခု၊ နှစ်ခုလောက် ငါတို့ ဘာသာ စီစဉ်လို့ ရတယ်။

ဂျော့ ॥ ॥ ဘယ်လိုဟာမျိုးလဲ၊ ဥပမာ ပြောကြည့်။

ပီတာ ॥ ॥ ဒီလိုလေ၊ ငါတို့ လူတွေကို နောက်ယောင်ခံလိုက်တာမျိုး လေ့ကျင့်လို့ ရတယ်။ ပြီးရင် ငါတို့ ကိုယ်တိုင် ရုပ်ဖျက်ကောင်း ဖျက်နိုင်ရမယ်။ သူတို့ သိသွားရင် ငါတို့ ရုပ်ဖျက်ထားတော့ လွတ်နိုင်တာပေါ့။

ပင်မ် ॥ ॥ ငါတို့ဘာသာ ရုပ်ဖျက်ရမယ်။ ဘယ်လို ဖျက်ရမှာလဲဟ။ ငါတို့က ကလေးပဲ ရှိသေးတာ။ ဒါမှမဟုတ် အဝတ်အစား အစုတ်တွေ ဝတ်ပြီး ထော့နဲ့ ထော့နဲ့ သွားတာတို့ လုပ်လို့ မရဘူး။ ငါတို့ကို တစ်ခါတည်း ရိပ်မိသွားမှာပေါ့။

"ကောင်းပြီ၊ ဒါက အကြံကောင်းတော့ မဟုတ်ဘူး။" ပီတာက ဝန်ခံသည်။

ပီတာ ॥ ॥ "ဒါပေမဲ့ အဲဒီအချိန်မှာပဲ ငါတို့တွေ ထွက်ပြေးနိုင်တယ်လေ။ ပြီးတော့ တစ်ယောက်ကို နောက်ယောင်ခံလိုက်တဲ့ အလုပ်မျိုးတော့ ငါတို့

mgbooe.com

လေ့ကျင့်လို့ ရတယ်။ ပြီးရင် သူ့ပုံစံကို ရှင်းရှင်းလင်း ရေးခဲ့ကြ။ ဥပမာ သူခိုးတစ်ယောက်ကို အသေးစိတ် ဖော်ပြဖို့ပါ လိုတဲ့အခါ အဲဒါက အသုံးဝင်လိမ့်မယ်”

ဂျက် ။ ။ ဒါပေမဲ့ ဘယ်သူက သူခိုးမှန်း ငါတို့ ဘယ်လိုလုပ်သိမလဲ။

ပီတာက ညင်ညင်သာသာနှင့် ဂျက် မေးခွန်းကို ဖြေသည်။

ပီတာ ။ ။ မှန်တယ်။ ငါတို့ မသိနိုင်ဘူး။ တို့ ဘူတာရုံကို သွားပြီး ထိုင်နေရုံပဲ။ အဲဒီမှာ ရထားစောင့်နေတဲ့ လူတွေကို ကြည့်ကြမယ်။ အဲဒီအထဲက တစ်ယောက်ယောက်ကို ရွေးလိုက်။ ဘယ်သူဖြစ်ဖြစ် ကိစ္စမရှိဘူး။ သူ့ကို သေသေချာချာ ကြည့်မယ်။ သူ့ကို သေသေချာချာ မှတ်မယ်။ နောက်ပြီး သူ ထွက်သွားရင် ငါတို့ မှတ်မိတာတွေကို ချရေးမယ်။ ဒါက လူတွေကို ကောက်ချက်ချတဲ့ အခါမှာ အရမ်းအရမ်းကို အသုံးဝင်တဲ့ လေ့ကျင့်မှု ဖြစ်မှာ။

ဂျော့ ။ ။ ငါ့အတွက်တော့ နည်းနည်းပျင်းဖို့ ကောင်းတယ်။ ငါက နောက်ယောင်ခံ လိုက်တာမျိုး၊ ဒါမှမဟုတ် တစ်ခုခု လုပ်တာမျိုးကို ပိုလုပ်ချင်တယ်။ ငါက တစ်ခုခုကို သရုပ်ဖော်ရေး ဖော်ပြတဲ့ နေရာမှာ မတော်ဘူး။ ကျောင်းမှာ ငါ စာစီစာကုံးရေးရင် အမြဲဘိတ်ချီးပဲ။ ပြောချင်တာ တစ်ခုခုကို ငါ စဉ်းစားလို့ မရဘူး။

ပီတာ ။ ။ ကောင်းပြီ၊ မင်းက နောက်ယောင်ခံလိုက်တာ လုပ်နိုင်တယ်။ မိန်းကလေးတွေက လူတွေကို ရှာတာတို့၊ သရုပ်ဖော် ရေးတာတို့မှာ ပိုတော်မယ် ထင်တယ်။

mgyoe.com

 SAMPLE BOOK 

စကမ်ဘာက ရုတ်တရက် အသံပြုလိုက်၏။
"ဝုဒ်"..."ဝုဒ်"
ပီတာ ။ ။ တစ်ယောက်ယောက် ဖြစ်မယ်။ မြန်မြန်တံခါး
ဖွင့်ပေးပြီး စကမ်ဘာကို လွှတ်လိုက်၊ အဲဒါ
ဆူဇီသာ ဆိုရင် သူ လန့်သွားလိမ့်မယ်။

❑

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၄ )

# အဖွဲ့ဝင်ဖြစ်ရတာ ပျော်စရာ

ရောက်လာသူမှာ ဆူဇီ မဟုတ်ပေ။ အချိန် နောက်ကျနေကြောင်း ပြောဖို့ လာသည့် ပီတာ့အမေ ဖြစ်နေသည်။

သူတို့ ဘယ်အချိန်ရှိပြီလဲ သိကြရဲ့လား၊ စကမ်ဘာက အလွန် စိတ်လှုပ်ရှားစွာနှင့် တံခါးမှ ခုန်ထွက်လာကာ ဟောင်လိုက်သည်။ စကမ်ဘာ့ကို မြင်၍ သူ လန့်သွားသည်။ ပီတာ့အမေမှန်း သူ သိသောအခါ စကမ်ဘာသည် စိတ်ပျက်သွားသည်။

"အိုး... ခြောက်နာရီတောင် မခွဲသေးဘူး မေမေရေ။" ပီတာက ညည်းလိုက်သည်။ "သားတို့ အစည်းအဝေးပြီးဖို့ လိုသေးတယ်၊ သားတို့ အိမ်စာတွေ မပြီးသေးမှန်း သားသိပါတယ်။ ဒီည လုပ်စရာ သိပ်မရှိပါဘူး။ အချိန်ဆယ်မိနစ်လောက် ထပ်မရနိုင်ဘူးလား ဟင်"

"ဟုတ်ပြီ၊ ဆယ်မိနစ်ပဲနော်" ဟုအမေက ပြောပြီး ထွက်သွားသည်။ တံခါးပြန်ပိတ်သွား၏။ လျှို့ဝှက်ခုနစ်ဖော်က စကားကို အလောတကြီး စပြောကြရသည်။

mgyoe.com

ပီတာ ။ ။ ဂျော့… မင်း နောက်ယောင်ခံလိုက်လို့ ရတယ်၊ မင်းရောပဲ ကောလင်း၊ နင်တို့ မိန်းကလေးတွေ သတင်းအစအန ရှာတာ လုပ်လို့ ရတယ်။ ဘူတာ တို့၊ ကားဂိတ်တို့ ကြိုက်တဲ့နေရာ သွားလို့ ရတယ်။ ဂျက်… မင်းနဲ့ ငါက စုံစမ်းထောက်လှမ်းတာ နည်းနည်း လုပ်ကြမယ်။ စုံစမ်းထောက်လှမ်း လို့ ရတဲ့ နေရာကောင်း ရှာတွေ့ရင် အဲဒီမှာ ထိုင်ပြီး သူတို့ မမြင်အောင် စောင့်ကြည့်ကြမယ်။ ဒါက ငါတို့ တကယ်လုပ်တဲ့ အခါအတွက် လေ့ကျင့်မှု ဖြစ်လိမ့်မယ် ထင်တယ်။

ဂျော့ ။ ။ ငါတို့ ဘယ်လို နောက်ယောင်ခံ လိုက်ကြမလဲ။ နေ့အလင်းရောင်ထဲမှာ ဘယ်သူ့ကို နောက်ယောင် ခံလိုက်လိုက် ငါတို့ကို တွေ့ကြမှာပဲ။

ပီတာ ။ ။ ဟုတ်ပြီ၊ အဲဒါဆို ညဘက် လုပ်ကြ။ ဒါပေမဲ့ မင်းနဲ့ ကောလင်း အတူတူ မသွားကြနဲ့။ အဲဒါဆို မင်းတို့ကို တစ်ခါတည်း ရိပ်စားမိသွားလိမ့်မယ်။ သတ်သတ်စီ သွားကြ။ တစ်ယောက်ယောက်ကို ရွေး၊ ပြီးရင် သူတို့ မမြင်အောင် သူတို့အိမ် ရောက်တဲ့အထိ နောက်ယောင်ခံ လိုက်သွား။ မင်းတို့ အောင်မြင်အောင် လုပ်နိုင်ရင် မင်းတို့ တော်လို့ပဲ။

ဂျော့က ညည်းတွားသည့် အသံဖြင့်…

ဂျော့ ။ ။ တကယ့်ပြဿနာတွေ၊ လျှို့ဝှက်ဆန်းကြယ်မှုတွေ ရင်ဆိုင်ရတာထက်တော့ လေ့ကျင့်ရတာကို ငါတို့ ပိုင်နိုင်မှာပါ။

ပီတာက လေသံမာမာနှင့်…

ပီတာ ။ ။ ငါက ဒီအဖွဲ့အစည်းရဲ့ ခေါင်းဆောင်။ ငါ့အမိန့်ကို မင်းလိုက်နာရမယ်။ ငါက လျှို့ဝှက်ခုနစ်ဖော်

mgyoe.com

m g yoe.com  SAMPLE BOOK 

ရှေ့ခရီးဆက်နိုင်အောင် လုပ်ရမယ်။ ငါ အတတ်နိုင်ဆုံး ကြိုးစား လုပ်နေတယ်။

ဂျက်က အားပေးသည့် အနေနှင့်…

ဂျက် ။ ။ ဘာပဲဖြစ်ဖြစ်၊ ငါတို့ လေ့ကျင့်နေတုန်း တစ်ခုခု ကြုံရမလား မသိဘူး။ ကိစ္စတွေက အမြဲ မထင်ထားဘဲ ပေါ်လာတတ်တာပဲ။

ဂျဲနက် ။ ။ စနေနေ့ မနက်ကျ ငါတို့ စူးစမ်းလေ့လာမှုကို စွန့်စား လုပ်ရမယ်။ ငါက ဘူတာကို သွားမယ်၊ အဲဒီနေရာကို ငါ ကြိုက်တယ်။ အမြဲရှုပ်ထွေးပြီး ဆူညံနေတယ်။

ပင်မ် ။ ။ ငါက ကားဂိတ်ကို သွားမယ်။ နင် ငါနဲ့လိုက်ခဲ့ ဘာဘရာ။

ပီတာက ပျော်နေပုံနှင့်…

ပီတာ ။ ။ ကောင်းတယ်၊ အခု ငါတို့ အားလုံး လုပ်စရာ လှုံ့ဝှက် အလုပ်တွေ ရှိလာပြီ။

တစ်ခုခုဖြစ်မလာမချင်း ဒါကို ဆက်လုပ်ကြမယ်။ ဂျက် ပုန်းပြီး အနီးအနား ပတ်ဝန်းကျင်ကို လေ့လာကြည့်လို့ ရမယ့် နေရာတစ်ခု တွေ့မိရင် မင်းကို ငါ ပြောမယ်။

အစည်းအဝေး ပြီးသွား၍ စိတ်မကောင်းစွာဖြင့်ပင် အားလုံးက ထရပ်လိုက်ကြသည်။ ပင်မ်နှင့် ဘာဘရာက ဂျဲနက် ပန်းကန်ဆေးသည်ကို ကူညီရန် ကမ်းလှမ်း၏။ ကောင်လေးများ အားလုံးသည် ကောင်မလေးများဆီသို့ ညစ်ပေနေသော ပန်းကန်ပြားများနှင့် မတ်ခွက်များကို သယ်ပေးကြသည်။

"အခု အိမ်စာ လုပ်ရတော့မယ်" ပီတာက ညည်းသည်။

ပီတာ ။ ။ မနက်က ငါ အတန်းထဲမှာ သေချာ နားထောင်လိုက်ရမှာ၊ သချာ်ပုစ္ဆာတွေ တွက်ချက်ရာမှာ ငါက အားအနည်းဆုံးပဲ။

ကောလင်း၊ ဂျက်နှင့် ဂျော့က ဂွတ်နိုက်ဟု နှုတ်ဆက်ကြသည်။ ပီတာ့အမေကို အလွန်ကောင်းသော လက်ဖက်ရည်အတွက် ကျေးဇူးတင်

mgyoe.com

mgyoe.com
SAMPLE BOOK




စကား ပြောကြ၏။ ကောင်မလေး များကမူ အတူတူ ပန်ကန်ဆေးရင်း အသံကျယ်ကျယ်နှင့် စကားပြောနေကြသည်။ အစည်းအဝေးမှ အကြောင်းကိုတော့ ဘယ်သူမှ မပြောချေ။ မည်သူကမှလည်း လျှို့ဝှက်ခုနစ်ဖော် အစည်းအဝေးမှ အကြောင်းအရာကို ပြောဖို့ မတိုက်တွန်းကြချေ။ သို့သော် အဖွဲ့ဝင် အားလုံးပင် အကြောင်းတစ်ခုကို အများကြီး တွေးမိကြသည်။ ယင်းမှာ လျှို့ဝှက်ခုနစ်ဖော် အဖွဲ့အစည်း အဖွဲ့ဝင် ဖြစ်ရသည့် ပျော်ရွှင်မှုပင် ဖြစ်သည်။ ညအိပ်ရာဝင်ချိန် မတိုင်မီအထိ ထိုခံစားမှုက ကြီးစိုးနေ၏။ ဂျဲနက်သည် သူ၏အင်္ကျီမှ တံဆိပ်ကို ဖြုတ်ချိန်၌ တံဆိပ်လေးကို သေသေချာချာ ကြည့်သည်။

ဂျဲနက် ။ ။ 'လ.ဂ' တကယ်တော့ ဒါက ငါးလုံး ဖြစ်ရမှာ၊ အလွန်တော်၊ အလွန်မိုက်၊ လျှို့ဝှက်သော၊ အလွန်စမတ်ကျသော လူ့အဖွဲ့အစည်း၊ အားလုံး(လ) ငါးလုံး။ ပီတာ့ကို ငါ သတိတရ ပြန်ပြောရမယ်။ ဘူတာကို သွားမယ်။ တစ်ယောက်ယောက်ကို စောင့်ကြည့်ပြီး ပြည့်ပြည့်ဝဝ ဖြစ်ကြောင်း ကုန်စင် ပြန်ပြောရမယ်။ တစ်ခုကိုမှ မေ့မကျန်စေနဲ့၊ သူ့နက်တိုင် အရောင်လေးကိုတောင် မမေ့စေနဲ့။ တစ်မိနစ်လောက် မြင်လိုက်တဲ့ အရာကို မှတ်တဲ့နေရာမှာ ငါ ဘယ်လောက် တော်လဲ ဆိုတာ အားလုံး သိအောင် ငါ ပြရမယ်။

mgyoe.com

 SAMPLE BOOK 

ပီတာက သူနှင့် ဂျက် ဘာလုပ်ရမည်ကို အိပ်ရာပေါ်တွင် လှဲ၍ တွေးနေသည်။ စုံစမ်းထောက်လှမ်းဖို့ ဘယ်နေရာက အကောင်းဆုံး ဖြစ်မလဲ။ လမ်းမကြီးဘေးက ချုံပုတ်တွေ အလယ်ဆိုရင်ကော၊ ဟုတ်ပြီ၊ အဲဒါ နေရာကောင်းပဲ။ မှတ်စုစာအုပ် ယူသွားပြီး ဖြတ်သွားတဲ့ ကားတွေ အကြောင်းကို ငါတို့ ချရေးနိုင်တယ်။ သံသယ ဖြစ်စရာတို့၊ စိတ်ဝင်စားစရာတို့ ထင်တဲ့ အရာတိုင်းကို ငါတို့ ချရေးနိုင်တယ်။ ဒါ ပျော်စရာ ကောင်းမှာပဲ။

အဖွဲ့ဝင်တိုင်းက သူတို့ ဘာလုပ်ရမည်ကို ဂရုတစိုက်နှင့် အစီအစဉ် ချနေကြသည်။ ဂျော့ကတော့ အကဲဆုံး ဖြစ်သည်။ သူက တစ်ယောက်ယောက်ကို သွား၍ နောက်ယောင်ခံ လိုက်မည်။ ကောင်းပြီ၊ သူ ဖြစ်နိုင်သမျှ တကယ်ဖြစ်နေသလို လုပ်မည်။ ပထမဆုံး တစ်နေရာမှာ ပုန်းနေပြီး ရောက်လာမည်ကို စောင့်ကြည့်မည်။ ဂရုတစိုက်နှင့် ငြိမ်ငြိမ်လေး စောင့်ကြည့်နေမည်။ ရော်ဘာ ဖိနပ်တွေပဲ စီးမည်။

ငါ နောက်ယောင်ခံ လိုက်တဲ့အခါ ရဲသားကြီးက သူခိုးတို့၊ စပိုင်တို့ကို နောက်ယောင်ခံ လိုက်သလို လျှို့ဝှက်စွာ လိုက်မည်။ ငါဟာ ငါကိုယ်တိုင်ရဲ့ အရိပ်လို။ ငါရှိတာ ဘယ်သူမှသိမှာ မဟုတ်ဘူး။ ပိုသဘာဝကျအောင် အိတ်နဲ့ လူတစ်ယောက်ကို ရွေးမယ်။သူက မြေပုံတို့၊ ရတနာပစ္စည်းတို့လို တစ်ခုခု ခိုးလာသလိုမျိုး ငါဟန်ဆောင်တွေးမယ်။ အိုး… ဒါ တော်တော်ပျော်စရာ ကောင်းမှာပဲ။ နောက်ဆုံးတွင်တော့ လျှို့ဝှက်ခုနစ်ဖော်လုံး အိပ်ပျော်သွားကြသည်။ လျှို့ဝှက်ခုနစ်ဖော် အဖွဲ့အစည်းတွင် ပါဝင်ရသည်မှာ ဘယ်လောက် ပျော်စရာ ကောင်းလိုက်ပါသလဲ။

❑

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

အခန်း ( ၅ )

# နောက်ယောင်ခံ လိုက်ခြင်း

တနေနေ့ မနက်ခင်း ဖြစ်သည်။

ဂျဲနက် ။ ။ ပီတာရေ၊ နောက် အစည်းအဝေးကို ဘယ်တော့ လောက်လို့ တွေးထားလဲ။ အခု ငါ လေ့ကျင့်ဖို့ ဘူတာကို သွားတော့မယ်။ တစ်ယောက်ယောက် ကို ကြည့်ပြီး ပြန်ရေးပြမယ်။ ငါ အလုပ် လုပ်ထားတာကို ဘယ်တော့ အဖွဲ့အစည်းကို ပြန်ပြရမလဲ။ ငါကတော့ စိတ်ပါလက်ပါနဲ့ ပျော်ပျော်ကြီး လုပ်မှာ။

ပီတာ ။ ။ ကောင်းတယ်၊ အစည်းအဝေးကို နောက် တစ်ပတ် တစ်ညနေ ခေါ်မယ်။ ဒါဆို အချိန်လုံလောက် ပါတယ်။ ငါက ဂျက်နဲ့အတူ စုံစမ်းထောက်လှမ်း

mgyoe.com

ဖို့ နေရာကောင်းကောင်း သွားရှာမယ်။ ငါ့စာအုပ်နဲ့ ခဲတံ ယူပြီးပြီလား။ ဩော်··· ယူပြီးပြီပဲ၊ ကဲ ဘူတာမှာ ကံကောင်းပါစေ ဂျဲနက်ရေ။ ပြီးတော့ တစ်ယောက်တည်းလည်း မရွေးနဲ့။ အရမ်း လွယ်နေမယ်။ အနည်းဆုံး သုံးယောက် ရွေး။

ဂျဲနက် ။ ။ ဖြစ်နိုင်ရင် ငါတို့ အားလုံး သိတဲ့ တစ်ယောက်ယောက်ကို ရွေးဖို့ စဉ်းစားထားတယ်။ ဒါမှ ငါ့ မှတ်စုတွေကို ဖတ်တဲ့အခါ နင်တို့ ရိပ်မိမှာ။

ပီတာ ။ ။ အကြံကောင်းပဲဟ။ ဂျက်ကို ငါ သွားခေါ်တော့မယ်။

သူ ထွက်လာသောအခါ ဂျဲနက်လည်း ဆန့်ကျင်ဘက်သို့ ဦးတည်ကာ ဘူတာဆီသို့ ထွက်လာခဲ့သည်။ သူသည် ပင်မ်ရယ်၊ ဘာဘရာ ရယ်နှင့် တွေ့လေသည်။ သူတို့သည် ကားမှတ်တိုင်တွင် မှတ်စုစာအုပ်များ ကိုင်ကာ စပ်ဖြဲဖြဲနှင့် ထိုင်နေကြသည်။

ဂျဲနက်က ခပ်တိုးတိုးဖြင့်–

ဂျဲနက် ။ ။ ခုထိ မစရသေးဘူးလား။

ပင်မ် ။ ။ မစသေးဘူး၊ ဘာကားမှ ဒီမှာလာ မရပ်သေးဘူး။ ငါတို့က ဆင်းလာတဲ့ ခရီးသည် တစ်ယောက်ယောက်ကို ရွေးရမှာ။ သူတို့ ထွက်မသွားခင်အထိ စောင့်မယ်။ သူတို့ ထွက်သွားတာနဲ့ ခရီးသည် နှစ်ယောက်အကြောင်း ငါတို့ မှတ်မိသလောက် ပြန်ရေးကြမယ်။

ကောလင်းနှင့် ဂျော့တို့ကတော့ လျှို့ဝှက်ခုနစ်ဖော် အလုပ်ကို မစဉ်းစား ကြသေးချေ။ သူတို့ နှစ်ယောက်လုံးက ညမှ လုပ်ရန် ဆုံးဖြတ်ထားကြသည်။ ညဘက်ဆို ပိုလွယ်မည်။ သေချာပေါက်တော့ သူတို့နှစ်ယောက် အတူတူ မသွားကြချေ။ ပီတာက တားမြစ်ထားသည် မဟုတ်လား။

သို့သော် ညနေခင်း ရောက်လာသောအခါ ဂျော့တစ်ယောက်သာ ပြင်ဆင်နေသည်ကို တွေ့ရသည်။ ကောလင်း သုံးကြိမ်မြောက် နှာချေသည်ကို

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အမေ ကြားသွားသည်။ သူ လွယ်လွယ်နှင့် အအေးမိတတ်သည်ကို သူ့အမေ သိသည်။ ဒါကြောင့် သူ့ကို လက်ဖက်ရည် သောက်ပြီးချိန်တွင် အပြင်ထွက်ခွင့် မပေးပေ။ ကောလင်းက ပြင်းပြင်းထန်ထန်ပင် ပြောသည်။

ကောလင်း ။ ။ အမေရယ်။ သား သွားကို သွားရမယ်။ ဒါ လျှို့ဝှက်ခုနစ်ဖော် အလုပ် ဖြစ်နေတယ်။ လုပ်မှ ရမှာ။

"တခြားညမှ လုပ်လို့ မရဘူးလား" သူ့အမေက ပြောသည်။

"ဒီည သေချာပေါက် လုပ်ဖို့ လိုလို့လား။"

ကောလင်းက တုံ့ဆိုင်း တွေဝေသွား၏။

ကောလင်း ။ ။ ကောင်းပြီလေ။ မနက်ဖြန် ညနေမှလည်း လုပ်လို့ ရနိုင်တယ်လို့ သားလည်း ထင်ပါတယ်၊ ဟုတ်ပြီ မေမေ။ သား ဒီည မသွားတော့ဘူး၊ နောက်နေ့ည ကျရင်တော့ ထွက်ခွင့်ပြုရမယ်နော်။

ထို့ကြောင့် ဂျော့တစ်ယောက်တည်းသာ ထိုညက နောက်ယောင်ခံလိုက် ဖြစ်စေခဲ့သည်။ သူသည် လမ်းလျှောက်သည့်အခါဖြစ်စေ၊ ပြေးသည့်အခါ ဖြစ်စေ အသံမမြည်အောင် ရော်ဘာဖိနပ်သာ စီးထားသည်။ အမည်းရောင် ကုတ်အင်္ကျီကို ဝတ်ထားသည်။ ထို့ကြောင့် သူ့ကို အရိပ်ထဲတွင် မမြင်နိုင်တော့ချေ။ သူ၏ မျက်နှာကိုလည်း အမည်းများ သုတ်ထားသေးသည်။ သူ၏ပုံစံက တစ်မူ ထူးခြားနေသည်။ သူက သူ့ကိုယ်သူ မှန်ထဲတွင် ကြည့်ကာ ပြုံးလိုက်သည်။ ထို့ကြောင့် သူ၏ သွားဖြူဖြူ အတန်းကြီးက သူ၏ အမည်းရောင်မျက်နှာပေါ် ထင်လာသည်။ "ပန်းခြံတံခါးက လှစ်ခနဲ ထွက်တာ ကောင်းမယ်။" သူက ဆုံးဖြတ်လိုက်သည်။ "အမေသာ ငါ့ကို တွေ့ရင် သူ လန့်သွားမှာ၊ ငါ့ပုံစံက ကြောက်စရာ ကောင်းနေတယ်။"

သူက ခရစ်စမတ်တွင် ရထားသော ရော်ဘာနံပါတ်တုတ်ကို ယူရန် ဆုံးဖြတ်လိုက်သည်။ ပိုပြီး သဘာဝကျစေရန် ဖြစ်သည်။ "အခု ငါ ရဲ တစ်ယောက်လို ဟန်ဆောင်လို့ ရပြီ"ဟု သူ တွေးနေသည်။ ရော်ဘာနံပါတ် တုတ်က သူ၏ ခါးတွင် လွဲနေသည်။ နံပါတ်တုတ်က အစစ်နှင့် တူလှသည်။ ရော်ဘာ အညိုရောင် အပါးနှင့် လုပ်ထားခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူက အောက်ထပ်သို့ ခြေဖွနင်းသွားကာ ပန်းခြံတံခါးမှ ထွက်ခဲ့သည်။ သူ့ရော်ဘာဖိနပ်များက အသံမထွက်ပေ။ သူက အနောက်ဘက်ထွက်ပေါက်သို့ သွားသော လမ်းလေးသို့ ဆင်းကာ မှောင်နေသည့် လမ်းဆီသို့ တိတ်တိတ်လေး ထွက်ခဲ့သည်။ လမ်းမီးတိုင်များ ထွန်းလင်းနေသည့် ထိုအလင်းရောင်ကို သူ ရှောင်သင့်သည်။ သူသည် ရော်ဘာနံပါတ်တုတ်ကို လွှဲကာ သတိတကြီးဖြင့် သွားနေသည်။ ကဲ… သူခိုးတွေ၊ စပိုင်တွေရေ၊ ကြည့်သာနေကြ။ ဒီမှာ ရော်ဘာဖိနပ်နဲ့ ကြိုးစား နောက်ယောင်ခံ လိုက်နေတဲ့ ရဲသားကြီးလာပြီ။ သို့သော် ဘယ်သူ့ကို သူ နောက်ယောင်ခံ လိုက်ရမလဲ။ နောက်ယောင်ခံလိုက်စရာ တစ်လမ်းလုံး ဘယ်သူ့ကိုမှ မတွေ့ချေ။

"ခဏနေဦး။ ဘတ်စ်ကား တစ်စီး လာနေတာလား၊ ဟုတ်တယ်ကောင်းတယ်။ ခရီးသည်အချို့ ဆင်းလာမှာပဲ၊ သူတို့ထဲက တစ်ယောက်ကို အိမ်အထိ နောက်ယောင်ခံ လိုက်လို့ရတယ်။ အဲဒီလူက ဘယ်သူ ဖြစ်ဖြစ်ပေါ့။"

ကားက လမ်းထဲတွင် ရပ်လိုက်ပြီး ကားပေါ်မှ လူတချို့ ဆင်းလာသည်ကို ဂျော့ တွေ့လိုက်သည်။ ကားပေါ်မှ ဆင်းလာသူထဲမှ တစ်ယောက်က သူ့ဘက်ကို ဦးတည်ပြီး လျှောက်လာ၏။ သူ့ကို နောက်ယောင်ခံလိုက်သင့်သည်။ ဂျော့သည် သူ့ကိုယ်ကို ခြံစည်းရိုးထဲသို့ ပြန်တိုးဝင်ကာ စောင့်နေလိုက်သည်။ သူသည် ကြောက်ကြောက်ရွံ့ရွံ့နှင့် အသက်ပင် မနည်းရှူနေရသည်။

အရပ်မြင့်မြင့်နှင့် လမ်းလျှောက်လာသော လူကြီးသည် ဦးထုပ်ပိုင်းကို ဆောင်းကာ အိတ်တစ်အိတ်ကို လွယ်လာ၏။ ကောင်းတယ်။ အိတ်ထဲမှာ ခိုးရာပါ ရတနာတွေ ပါသလို ထင်ရသည်။ ထိုသူ့အိမ်သို့ နောက်ယောင်ခံလိုက်လျှင် ဓားပြကြီး ဘယ်မှာ နေသလဲ သူ သိနိုင်သည်။

အဖြစ်က ဟန်ဆောင်တာနှင့် မတူဘဲ၊ တကယ်ဖြစ်နေသည်ဟုပင် ထင်ရသည်။ ညက မှောင်မိုက်နေသည်။ လူကြီးသည် ကောင်လေးက ချုံပုတ် အရိပ်ထဲ ဝင်ပြီး ပုန်းနေတာ မသိဘဲ လမ်းလျှောက်လာ၏။ ထိုလူကြီး သူ့ရှေ့မှ ဖြတ်သွားချိန်တွင် သူ့နှလုံးများ တဒုတ်ဒုတ် ခုန်နေသည်ကို သူ တွေ့လိုက်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK



အခု သူ့ကို အမြင်မခံဘဲ ထိုလူနောက် လိုက်ရမည်။ သူက ဂျော့ကို ရိပ်စားမိသွားရင် ဂျော့ ကျရှုံးမည်။ သို့သော် ထိုသူ အိမ်ရောက်လာသည်အထိ အမြင်မခံဘဲ နောက်ယောင်ခံ လိုက်နိုင်မည်ဟု ဂျော့က သေချာ တွေးထင်နေသည်။ သူက ချုံပုတ်ထဲမှ ထွက်ကာ ထိုလူနောက် လိုက်ခဲ့သည်။

လမ်းဘေး သစ်ပင်များ၏ အရိပ်ထဲမှ ကောင်းကောင်းကွယ်၍ လိုက်ခဲ့၏။ လမ်းက ဆင်းသွားသည့် နေရာအဆုံးတွင် ထောင့်စွန်းကွေ့သွားသည်။ သတိထားရမည်။ ထောင့်စွန်းအကွေ့ကို ဝင်သွားရင် ထိုလူက နောက်ယောင်ခံ လိုက်ခံရတာ ရိပ်မိသွားနိုင်သည်။

ဂျော့က သူ၏ ရော်ဘာနံပါတ်တုတ်ကို လက်တွင် ကိုင်ကာ သတိပြု၍ ခြေဖော့သွားသည်။ သူက အန္တရာယ်ကြီးသော သူခိုးကြီးထံမှ အန္တရာယ် အကြီးကြီး တစ်ခုခု ရနိုင်သလို ဟန်ဆောင် တွေးလိုက်သည်။

ထိုလူကြီးက လမ်းတစ်ဝက်တွင် လမ်းထဲသို့ ချိုးဝင်သွားမှသာ သူ စိတ်သက်သက်သာသာနှင့် သက်ပြင်းချနိုင်တော့သည်။ ဂျော့သည် ထိုလူကြီး နောက်သို့ ခပ်ရှရှ ပြေးလိုက်သည်။ ဂျော့ နောက်လှည့်ကြည့်လိုက်။ ဂျော့က ရှေ့ကိုသာ လျှင်လျှင်မြန်မြန် ပြေးသွားသည်။ မင်း နောက်ကို ကြည့်စမ်း။

❑

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း ( ၆ )

# ဂျော့အတွက် တုန်လှုပ်စရာ အဖြစ်

သို့သော် ဂျော့က နောက်ကို လုံးဝ လှည့်မကြည့်။ ဖြည်းဖြည်းခြင်း သူ နောက်ယောင်ခံ လိုက်သည့် လူရှိသော အရှေ့ကိုသာ ကြည့်သည်။ ထိုလူက စီးကရက် မီးညှိရန် ရပ်လိုက်သော အခါ ဂျော့သည် ထိုလူ လှည့်လိုက်ပါက သူ့ကို မြင်မည်စိုး၍ အနီးအနားမှ အပေါက်သို့ ပြေးကပ်သည်။

မိနစ်ဝက်လောက် သူ မှောက်နေပြီးသောအခါ ထိုလူက သူ့အိတ်ကို လွှဲ၍ လမ်းပြန်လျှောက်သွားသည်။ သူ ထွက်သွားသောအခါ ဂျော့က အနည်းငယ် ပိုနီးနီးလိုက်ရန် ဆုံးဖြတ်လိုက်သည်။ ဒါမှသာ ထိုလူ အိမ်ထဲ ဝင်သွားလျှင် ဘယ်အိမ်လည်း ကောင်းကောင်းမှတ်မိမည်။

ထို့ကြောင့် သူက ပို၍ အနီးကပ် လိုက်လျှောက်သည်။ ရဲရင့်ခြင်းနှင့် အောင်မြင်ခြင်းကို ခံစားနေရခိုက် အမှတ်မထင် တစ်စုံတစ်ခု ဖြစ်ပျက်လာသည်။ ဂျော့သည် သူ့နောက်မှ ခြေသံတချို့ကို ရုတ်တရက် ကြားလိုက်

mgyoe.com